# {zuloOj'pm

၁ ဧဖက်မြို့၌ရှိသော ဘုရားသခင်၏သန့်ရှင်းသူ၊
ခရစ်တော်ယေရှုကို ယုံကြည်သောသူတို့အား
ခရစ်တော်ယေရှု၏တမန်တော်တစ်ပါးဖြစ်သော ငါ
ပေါလုမှ နှုတ်ဆက်ပါ၏။ ငါသည် တမန်တော်
တစ်ပါးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုအရာ
သည် ဘုရားသခင်၏အလိုတော်ဖြစ်၏။ ၂ သခင်
ယေရှုခရစ်တော်နှင့် ငါတို့အဖတည်းဟူသော ဘုရား
သခင် ထံတော်မှ ကျေးဇူးတော် *(ကြင်နာခြင်း)* နှင့်
ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။

**ခရစ်တော်၌**
**ဝိညာဉ်ဆိုင်ရာကောင်းချီးမင်္ဂလာများ**

၃ ငါတို့သည် သခင်ယေရှုခရစ်တော်၏ခမည်း
တော်တည်းဟူသော ဘုရားသခင်ကို ချီးမွမ်းခြင်း
ရှိပါစေသော။ ဘုရားသခင်သည် ကောင်းကင်၌ရှိ
သောဝိညာဉ်ပိုင်းဆိုင်ရာ ကောင်းချီးမင်္ဂလာရှိသမျှ
တို့ကို ငါတို့အား ခရစ်တော်၌ပေးတော်မူ၏။ ၄ ဘုရား
သခင်သည် ကမ္ဘာမတည်မရှိမီ ငါတို့ကို ခရစ်တော်
၌ ရွေးကောက်တော်မူ၏။ ဘုရားသခင်သည် ငါတို့
အား မိမိ၏ရှေ့တော်၌ အပြစ်တင်ခွင့်နှင့်ကင်းသော၊
မိမိ၏သန့်ရှင်းသောလူမျိုးဖြစ်စေရန် ချစ်ခြင်းမေတ္တာ
၌ ရွေးကောက်တော်မူ၏။ ၅ ကမ္ဘာမတည်မရှိမီ ငါ
တို့အား ယေရှုခရစ်တော်အားဖြင့် မိမိ၏သားသမီး
များဖြစ်စေရန် ဘုရားသခင်သည် ဆုံးဖြတ်စီရင်တော်
မူ၏။ ထိုအရာမှာ ဘုရားသခင်သည် အလိုတော်ရှိ
သောအရာဖြစ်သည်။ ထိုအရာသည် မိမိအား ကျေ
နပ်နှစ်သက်စေတော်မူ၏။ ၆ ဤအရာသည် ဘုရား
သခင်အား ချီးမွမ်းခြင်းကို ဖြစ်စေသည်။ အဘယ်
ကြောင့်ဆိုသော် မိမိ၏အံ့ဖွယ်ကောင်းသောကျေးဇူး
တော် *(ကြင်နာခြင်း)* ကြောင့်ဖြစ်၏။ ဘုရားသခင်သည်
ထိုကျေးဇူးတော်ကို ငါတို့အား အခမဲ့လွတ်လပ်
စွာပေးတော်မူ၏။ ထိုကျေးဇူးတော်ကို မိမိချစ်တော်
မူသော ခရစ်တော်၌ ငါတို့အား ပေးတော်မူ၏။
၇ ခရစ်တော်၏အသွေးတော် *(အသေခံတော်မူခြင်း)*
အားဖြင့် ငါတို့သည် လွတ်မြောက်ခြင်းအခွင့်ကို ရ
ကြ၏။ ငါတို့သည် ဘုရားသခင်၏ ကြွယ်ဝသော
ကျေးဇူးတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်းကို
ခံရကြ၏။ ၈ ဘုရားသခင်သည် ထိုကျေးဇူးတော်ကို
ငါတို့အား အခမဲ့ပြည့်ဝစွာပေးတော်မူ၏။ ဘုရား
သခင်သည် ပညာ၊ အသိဉာဏ်တို့နှင့် ပြည့်စုံတော်
မူ၏။ ၉ ဘုရားသခင်သည် မိမိ၏ လျှို့ဝှက်သော
အကြံအစည်ကို ငါတို့အား သိစေလို၏။ ထိုအရာကို
ခရစ်တော်အားဖြင့်ပြုမူရန်ကြံစည်တော်မူ၏။ ၁၀ ဘုရား
သခင်၏ ရည်ရွယ်ချက်မှာ အချိန်ကာလစေ့သော
အခါ မိမိ၏အကြံအစည်ကို ပြီးပြည့်စုံစေရန်ဖြစ်၏။
ကောင်းကင်နှင့်မြေကြီးပေါ်ရှိသမျှအရာများအားလုံး
တို့ကို အတူတကွပေါင်း၍ ခရစ်တော်ကို ဦးခေါင်း
ဖြစ်စေရန် ဘုရားသခင်သည် အကြံအစည်တော်
ရှိ၏။

၁၁ ငါတို့သည် ဘုရားသခင်၏လူများဖြစ်ရန် ခရစ်
တော်၌ ရွေးကောက်သောသူများ ဖြစ်ကြ၏။ ငါတို့
သည် မိမိ၏လူများဖြစ်ကြစေရန် ဘုရားသခင်သည်
ကြံစည်တော်မူနှင့်ပြီး ဖြစ်၏။ အဘယ်ကြောင့်ဆို
သော် ထိုအရာသည် ဘုရားသခင်၏အလိုတော်ဖြစ်
၏။ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို
ဆုံးဖြတ်တော်မူ၍ အလိုတော်ရှိတော်မူသည့်အတိုင်း
ပြုတော်မူသောသူဖြစ်၏။ ၁၂ ငါတို့သည် ခရစ်တော်
၌ မျှော်လင့်လျက်နေကြသော အဦးဆုံးသောသူ
များဖြစ်ကြ၏။ ငါတို့အား ရွေးကောက်တော်မူ၏။
ထို့ကြောင့် ငါတို့သည် ဘုရားသခင်၏ ဘုန်း
အသရေတော်ကို ချီးမွမ်းခြင်းအကြောင်းဖြစ်၏။
၁၃ ထိုအရာတို့သည် သင်တို့နှင့်အတူဖြစ်၏။ သင်တို့
၏ကယ်တင်ခြင်းအကြောင်းဝမ်းမြောက်စရာသတင်း
ကောင်းနှင့်စစ်မှန်သောသွန်သင်ခြင်းကို သင်တို့
သည် ကြားရကြ၏။ သင်တို့သည် ဝမ်းမြောက်စရာ
သတင်းကောင်းကိုကြားရသောအခါ ခရစ်တော်ကို
ယုံကြည်ကြ၏။ ဘုရားသခင်သည် ကတိထားတော်
မူသည့်အတိုင်း သင်တို့အား သန့်ရှင်းသောဝိညာဉ်
တော်ကို ပေးတော်မူခြင်းအားဖြင့် မိမိ၏အထူးအ
မှတ်တံဆိပ်ကို သင်တို့အပေါ်၌ ထားတော်မူ၏။
၁၄ ထို သန့်ရှင်းသောဝိညာဉ်တော်မှာ ဘုရားသခင်
သည် မိမိလူတို့အတွက် ကတိပြုတော်မူသောအရာ
များကို ငါတို့ ခံရပါမည်အကြောင်း အာမခံဖြစ်၏။

ဘုရားသခင်နှင့် စပ်ဆိုင်သောသူတို့အား အပြည့်
အဝလွတ်မြောက်ခြင်းကို ဤအရာသည် ယူဆောင်
လာလိမ့်မည်။ ဤအရာအားလုံး၏ ရည်ရွယ်ချက်
မှာ ဘုရားသခင်၏ ဘုန်းအသရေတော်ကို ချီးမွမ်း
ခြင်းရှိစေရန်ဖြစ်၏။

**ပေါလု၏ဆုတောင်း**

[၁၅-၁၆] ထိုအကြောင်းကြောင့် ငါသည် ငါ၏ ဆု
တောင်းခြင်း၌သင်တို့ကို အစဉ်အောက်မေ့သတိရ
ကာ သင်တို့အတွက် ဘုရားသခင်ကို အမြဲကျေးဇူး
တင်လျက်ရှိ၏။ သခင်ယေရှု၌ သင်တို့၏ယုံကြည်
ခြင်းနှင့် ဘုရားသခင်၏လူအားလုံးတို့အတွက် သင်
တို့၏ ချစ်ခြင်းမေတ္တာအကြောင်းကို ငါကြားသော
ကြောင့် ငါသည် ဤအရာကို အစဉ်မပြတ်ပြုခဲ့ပြီး
ဖြစ်၏။ [၁၇] ငါတို့ သခင်ယေရှုခရစ်တော်၏ ဘုရား
သခင်ဖြစ်တော်မူသော ဘုန်းကြီးသောအဖခမည်း
တော်ကို အစဉ်မပြတ် ငါဆုတောင်း၏။ မိမိ၏ဝိညာဉ်
တော်ကို သင်တို့အား ပေးတော်မူ၍ ဘုရားသခင်၏
အကြောင်းကို သင်တို့အား ဖော်ပြကာ သင်တို့ နား
လည်စေရန် ကူညီပါမည်အကြောင်း ငါဆုတောင်း
၏။ ထို့နောက် သင်တို့သည် ဘုရားသခင်ကို အမှန်
သိကြပါလိမ့်မည်။ ဘုရားသခင်သည် သင်တို့၏
ဉာဏ်မျက်စိကို ဖွင့်ပေးတော်မူ၍ မိမိ၏သမ္မာတရား
ကို သိမြင်ရန် ငါဆုတောင်း၏။ [၁၈] ထိုနောက် ဘုရား
သခင်သည် ငါတို့ကို ရွေးကောက်တော်မူ၍ မျှော်
လင့်ချက်ပေးတော်မူသည်ကို သင်တို့ သိကြ၏။
ဘုရားသခင်သည် မိမိ၏သန့်ရှင်းသူတို့အား ကတိ
ပေးတော်မူသော ကောင်းချီးမင်္ဂလာများသည် အ
ဘယ်မျှကြွယ်ဝ၍ဘုန်းကြီးတော်မူကြောင်းကိုသင်တို့
သိပါလိမ့်မည်။ [၁၉] ယုံကြည်သော ငါတို့အတွက်
ဘုရားသခင်၏ တန်ခိုးတော်သည် အလွန်ကြီးမား
တော်မူကြောင်းကို သင်တို့သိကြပါလိမ့်မည်။[၂၀]ထို
တန်ခိုးတော်သည် ခရစ်တော်ကို သေခြင်းမှရှင်ပြန်
ထမြောက်စေတော်မူသော ဘုရားသခင်၏ ကြီးမား
သော ခွန်အားကဲ့သို့ဖြစ်၏။ ဘုရားသခင်သည်
ခရစ်တော်ကို ကောင်းကင်ဘုံ၌ မိမိ၏လက်ျာဘက်
တွင် ထားတော်မူ၏။ [၂၁] ဘုရားသခင်သည် ခရစ်
တော်အား ခပ်သိမ်းသော အုပ်စိုးခြင်းများ၊ အာဏာ
စက်များ၊ တန်ခိုးများနှင့် ရှင်ဘုရင်အားလုံးတို့ထက်
ပို၍အရေးကြီးစေ၏။ ခရစ်တော်သည် ဤလောက
၌ ရှိသမျှသော မည်သည့်တန်ခိုး သို့တည်းမဟုတ်
နောက် ကမ္ဘာလောကထဲ၌ရှိသမျှသော တန်ခိုးရှိ
သမျှတို့ထက် ပိုမိုအရေးကြီးစေတော်မူ၏။ [၂၂]ဘုရား
သခင်သည် ခပ်သိမ်းသောအရာတို့ကို ခရစ်တော်
၏တန်ခိုးအောက်၌ ချထားတော်မူ၏။ ဘုရားသခင်
သည် အသင်းတော်အတွက် သူ့ကိုခပ်သိမ်းသော
အရာတို့၏ဦးခေါင်း*(အုပ်စိုးသူ)*အရာ၌ ခန့်ထားတော်
မူ၏။ [၂၃] အသင်းတော်သည် ခရစ်တော်၏ ကိုယ်ဖြစ်
၏။ အသင်းတော်သည် ခရစ်တော်နှင့်ပြည့်ဝလျက်
ရှိ၏။ သူသည် ခပ်သိမ်းသောအရာတို့ကို အလုံးစုံ
သောနည်းလမ်း၌ ပြည့်စုံစေတော်မူ၏။

**သေခြင်းမှအသက်ရှင်ခြင်းသို့**

၂ ကုန်လွန်ခဲ့ပြီးသောအချိန်၌ သင်တို့၏ ဝိညာဉ်
ပိုင်းဆိုင်ရာအသက်သည်အသေဖြစ်၏။ အဘယ်
ကြောင့်ဆိုသော် သင်တို့သည် မှားယွင်းစွာ ဘုရား
သခင်အား ဆန့်ကျင်ပြီး ပြုခဲ့သောအရာများနှင့်
သင်တို့၏ဒုစရိုက်အပြစ်များကြောင့်ဖြစ်၏။ [၂] ဟုတ်
ပါ၏။ လွန်ခဲ့ပြီးသောအချိန်၌သင်တို့သည် ထိုအပြစ်
ဒုစရိုက်များကိုပြုလျက် အသက်ရှင်ခဲ့ကြ၏။ သင်
တို့သည် လောကီသားများ အသက်ရှင်သည်နည်း
တူ အသက်ရှင်ခဲ့ကြ၏။ သင်တို့သည် ဤလောက
ကို အစိုးရသောမင်း၏အပြစ်ဒုစရိုက်တန်ခိုးနောက်
သို့ လိုက်ကြ၏။ ထိုဝိညာဉ်သည်ပင်လျှင် ဘုရား
သခင်ကို နားမထောင်သော သူတို့အထဲ၌ ယခုပင်
အလုပ်လုပ်လျက်ရှိ၏။ [၃] လွန်ခဲ့ပြီးသောအချိန်၌ ငါ
တို့အားလုံးတို့သည် ထိုလူတို့ကဲ့သို့ အသက်ရှင်ခဲ့
ကြ၏။ ငါတို့သည် ကိုယ်ကာယ၏အလိုကို ကျေနပ်
စေရန် ကြိုးစား၍ အသက်ရှင်ကြ၏။ ငါတို့သည်
ငါတို့၏ ကိုယ်ကာယနှင့် စိတ်အလိုရှိသမျှအရာ
အားလုံးတို့ကို ပြုခဲ့ကြ၏။ ငါတို့သည်ဆိုးသောသူများ
ဖြစ်ကြ၏။ ငါတို့၏အပြစ်ဒုစရိုက်များကြောင့် ဘုရား
သခင်၏အမျက်ဒေါသကို ငါတို့ခံထိုက်၏။ ငါတို့သည်
လည်း အခြားသောသူများအားလုံးတို့နှင့်အတူတူ
ဖြစ်ကြ၏။

[၄] သို့သော်လည်း ဘုရားသခင်၏ ကရုဏာတော်
သည် အလွန်ကြီးမား၏။ ဘုရားသခင်သည် ငါတို့
ကို အလွန်ချစ်တော်မူ၏။ [၅] ငါတို့သည် ဝိညာဉ်
ပိုင်းဆိုင်ရာ၌ အသေဖြစ်ကြ၏။ ငါတို့သည် ဘုရား
သခင်ကို ဆန့်ကျင်ပြီး မှားယွင်းစွာပြုသောအရာ
များကြောင့် ငါတို့သည် အသေဖြစ်ကြ၏။ သို့သော်
လည်း ဘုရားသခင်သည် ငါတို့အား အသစ်သော
အသက်ကို ခရစ်တော်အားဖြင့် ပေးတော်မူ၏။ သင်
တို့သည် ဘုရားသခင်၏ ကျေးဇူးတော်*(ကြင်နာ
ခြင်း)*အားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက်ပြီး

ဖြစ်ကြ၏။ ၆ ဘုရားသခင်သည် ငါတို့အား ခရစ်တော်
နှင့် ရှင်ပြန်ထမြောက်စေတော်မူပြီး ကောင်းကင်
အရပ်၌ ခရစ်တော်နှင့်အတူ ထိုင်စေတော်မူ၏။
ဘုရားသခင်သည် ခရစ်တော်ယေရှု၌ရှိသောငါတို့
အတွက် ဤအရာများကို ပြုတော်မူခဲ့၏။ ၇ ဘုရား
သခင်သည် ဤအရာများကိုပြုတော်မူခဲ့ခြင်းကြောင့်
နောင်ကာလ၌ အလွန်ကြီးမားကြွယ်ဝသော မိမိ၏
ကျေးဇူးတော်ကို ထင်ရှားစေမည်အကြောင်းဖြစ်၏။
ဘုရားသခင်သည် ခရစ်တော်ယေရှု၌ ငါတို့အား
ကျေးဇူးပြုတော်မူခြင်းအားဖြင့် ထိုကျေးဇူးတော်ကို
ထင်ရှားစေတော်မူ၏။ ၈ သင်တို့သည် ကျေးဇူးတော်
အားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်သည်ဖြစ်
ကြောင်းကို ငါဆိုလို၏။ သင်တို့သည် ထိုကျေးဇူး
တော်ကို ယုံကြည်ခြင်းအားဖြင့် ရကြ၏။ သင်တို့
သည် ကိုယ်ကိုယ်ကို ကယ်တင်ကြသည်မဟုတ်။
ထိုအရာသည် ဘုရားသခင်ထံမှလာသော ဆု
ကျေးဇူးလက်ဆောင်ဖြစ်၏။ ၉ သင်တို့သည် သင်တို့
ပြုသောအရာများအားဖြင့် ကယ်တင်တော်မူခြင်းသို့
ရောက်ကြသည်မဟုတ်။ ထိုကြောင့် မည်သူတစ်ဦး
တစ်ယောက်မျှ ကိုယ်ကိုယ်ကို ကယ်တင်ပြီဟု
ဝါကြွားခြင်း အလျှင်းမပြုနိုင်။ ၁၀ ငါတို့သည် အဘယ်
သို့ဖြစ်ရမည်ကို ဘုရားသခင်ပြုပြင်တော်မူ၏။ ဘုရား
သခင်သည် ငါတို့အား ခရစ်တော်ယေရှု၌ လူသစ်
ဖြစ်စေတော်မူ၏။ ထို့ကြောင့် ငါတို့သည် ကောင်း
သောအရာကို ပြုကြရမည်။ ဘုရားသခင်သည် ထို
ကောင်းသောအရာများကို ငါတို့အတွက် ပြင်ဆင်
နှင့်ပြီးဖြစ်၏။ ငါတို့သည် ထိုကောင်းသောအရာများ
တို့ကိုပြု၍ အသက်ရှင်ကြရမည်အကြောင်း ဘုရား
သခင်သည် ငါတို့၌ ပြင်ဆင်နှင့်ပြီးဖြစ်၏။

**ခရစ်တော်၌တစ်လုံးတစ်ဝတည်းဖြစ်ခြင်း**

၁၁ သင်တို့သည် ဂျူးလူမျိုးများမဟုတ်သော
အခြားသောလူမျိုးတို့မှ မွေးဖွားလာခဲ့ကြ၏။ သင်
တို့အား "အရေဖျားလှီးခြင်းကို မခံသောလူမျိုး"
ဟူ၍ခေါ်သော ထိုဂျူးလူမျိုးတို့သည် သူတို့ကိုယ်
သူတို့ အရေဖျားလှီးခြင်းကို ခံသောသူများဟူ၍ခေါ်
ကြ၏။ (သူတို့၏အရေဖျားလှီးခြင်းမှာ ကိုယ်ကိုယ်
ကို မိမိတို့ ကိုယ်ခန္ဓာပေါ်၌ တစ်စုံတစ်ခုကို ပြုခြင်း
သာဖြစ်၏)။ ၁၂ လွန်ခဲ့ပြီးသောအချိန်၌သင်တို့သည်
ခရစ်တော် မပါဘဲရှိခဲ့ကြသည်ကို အောက်မေ့ကြ
ပါ။ သင်တို့သည် ဣသရေလလူမျိုးမဟုတ်ကြ။
ဘုရားသခင်သည် မိမိ၏လူတို့နှင့်ပြုတော်မူသော
ကတိတော်သဘောတူညီချက်မှာ သင်တို့၌ မရှိခဲ့။
၁၃ သင်တို့၌မျှော်လင့်ခြင်းမရှိ။ သင်တို့သည် ဘုရား
သခင်ကိုသိကျွမ်းခြင်း မရှိခဲ့ကြ။ ဟုတ်ပါ၏။ သင်တို့
သည် တစ်ချိန်က ဘုရားသခင်နှင့် ဝေးကွာလျက်
ရှိခဲ့ကြ၏။ သို့သော်လည်း ယခုတွင် ခရစ်တော်
ယေရှုအားဖြင့် မိမိ၏အနီးသို့ ပို့ဆောင်တော်မူပြီး
ဖြစ်၏။ သင်တို့သည် ခရစ်တော်၏အသွေးတော်
*(အသေခံတော်မူခြင်း)*အားဖြင့် ဘုရားသခင်နှင့်
နီးစေတော်မူပြီဖြစ်၏။ ၁၄ ငါတို့သည် ခရစ်တော်
အားဖြင့် ယခုတွင် ငြိမ်သက်ခြင်းရှိကြ၏။ ခရစ်
တော်သည် ငါတို့အား (ဂျူးလူမျိုးမဟုတ်သောအခြား
သောလူမျိုးများ) လူတစ်မျိုးတည်းဖြစ်စေတော်မူ
၏။ ဂျူးလူမျိုးတို့နှင့် ဂျူးမဟုတ်သော အခြားသော
လူမျိုးတို့သည် သူတို့ကြား၌ နံရံတစ်ခု ကာဆီးသ
ကဲ့သို့ သီးခြားစီ ခွဲနေခဲ့ကြ၏။ သူတို့သည် တစ်
ယောက်ကို တစ်ယောက် မုန်းတီးခဲ့ကြ၏။ သို့သော်
လည်း ခရစ်တော်သည် သူ၏ကိုယ်ခန္ဓာကို အပ်နှံ
ပေးလှူတော်မူခြင်းအားဖြင့် ထိုနံရံကို ချိုးဖဲ့ဖယ်ရှား
တော်မူ၏။ ၁၅ ဂျူးလူမျိုးတို့၌ မြောက်မြားစွာသော
ပညတ်ချက်နှင့် ထုံးစံများရှိ၏။ သို့သော်လည်း
ခရစ်တော်သည်ထိုပညတ်တရားများကိုအဆုံးသတ်
တော်မူ၏။ ခရစ်တော်၏ရည်ရွယ်ချက်မှာ လူအုပ်စု
နှစ်ခုတို့အား (ဂျူးလူမျိုးနှင့် ဂျူးလူမျိုး မဟုတ်
သော အခြားသောလူမျိုးများ) သူ၌လူတစ်မျိုးတည်း
ဖြစ်လာစေရန်ဖြစ်၏။ ဤအရာကိုပြုတော်မူခြင်းအား
ဖြင့် ခရစ်တော်သည် ရန်ငြိမ်းခြင်းကို ပြုတော်မူ၏။
၁၆ ခရစ်တော်သည် လက်ဝါးကပ်တိုင်တော်တရား
အားဖြင့် လူအုပ်စုနှစ်ခုအကြား၌ မုန်းတီးခြင်းကို
အဆုံးသတ်တော်မူ၏။ ထိုအုပ်စုနှစ်ခုတို့သည် တစ်
ကိုယ်တည်းဖြစ်လာကြပြီးနောက်မှ ခရစ်တော်သည်
ထိုသူနှစ်ဦးတို့အား ဘုရားသခင်ထံသို့ တစ်ဖန်ပြန်
၍ ယူဆောင်လာရန် အလိုတော်ရှိခဲ့၏။ ခရစ်တော်
သည်လက်ဝါးကပ်တိုင်ပေါ်၌ အသေခံတော်မူခြင်း
အားဖြင့် ဤအရာကို ပြုတော်မူခဲ့၏။ ၁၇ ခရစ်တော်
သည် ကြွလာတော်မူကာ ဘုရားသခင်ထံတော်မှ
ဝေးကွာလျက်ရှိခဲ့သော သင်တို့ *(ဂျူးလူမျိုးမဟုတ်
သောအခြားသောလူမျိုး)*အား ရန်ငြိမ်းခြင်းတရားကို
ဟောတော်မူ၏။ သူသည် ဘုရားသခင်နှင့် နီးလျက်
ရှိသောသူတို့အားလည်း ရန်ငြိမ်းခြင်းတရားကို
ဟောပြောတော်မူ၏။ ၁၈ ဟုတ်ပါ၏။ ငါတို့အားလုံး
သည် ခရစ်တော်အားဖြင့် ခမည်းတော်ထံသို့ ဝိညာဉ်
တော်တစ်ပါးတည်း၌ ချဉ်းကပ်လာရသောအခွင့်
ကို ရရှိကြ၏။

၁၉ ထိုကြောင့် ယခုတွင် ဂျူးလူမျိုးမဟုတ်သော
သင်တို့သည် ဧည့်သည်များ သို့မဟုတ် သူစိမ်း
များ မဟုတ်ကြ။ ယခုတွင် သင့်တို့သည် ဘုရား
သခင်၏ သန့်ရှင်းသောလူမျိုးတို့နှင့်အတူ နိုင်ငံ
တော်သားများဖြစ်ကြ၏။ သင်တို့သည် ဘုရားသခင်
၏မိသားစုဝင် အိမ်တော်သားလည်းဖြစ်ကြ၏။ ၂၀ ယုံ
ကြည်သူသင်တို့သည် ဘုရားသခင်ပိုင်တော်မူသော
တိုက်တစ်လုံးကဲ့သို့ဖြစ်ကြ၏။ ထိုတိုက်သည် တမန်
တော်များနှင့် ပရောဖက်များတို့ ပြင်ဆင်ခဲ့သော
တိုက်မြစ်ပေါ်၌ ထပ်ဆင့်၍ တည်ဆောက်ကြ၏။
ခရစ်တော်ကိုယ်တော်တိုင်သည် ထိုတိုက်၏အရေး
ကြီးဆုံးသော ကျောက်ဖြစ်တော်မူ၏။ ၂၁ ထိုတိုက်
တစ်ခုလုံးသည် ခရစ်တော်နှင့် အတူတကွ ဆက်
ကြ ၏။ ခရစ်တော်သည် ထိုတိုက်ကို ကြီးထွားစေ
လျက် သခင်ဘုရား၌သန့်ရှင်းသော ဗိမာန်တော်
ဖြစ်လာ၏။ သင်တို့သည်လည်း အခြားသောသူများ
*(ဂျူးလူမျိုး)* နှင့် အတူတကွ ခရစ်တော်၌ တည်
ဆောက်လျက်ရှိကြ၏။ သင်တို့အား ဘုရားသခင်
သည် ဝိညာဉ်တော်အားဖြင့် ကျိန်းဝပ်တော်မူသော
နေရာအဖြစ်သို့ ပြုပြင်တော်မူပြီးဖြစ်ကြ၏။

## ပေါလုသည် တပါးသောလူမျိုးများအတွက် လုပ်ဆောင်ခြင်း

၃ ထို့ကြောင့် ငါသည် *(ပေါလု)* ခရစ်တော်နှင့်
စပ်ဆိုင်သောအားဖြင့် အကျဉ်းသားတစ်ဦးဖြစ်
ရ၏။ ဂျူးလူမျိုးမဟုတ်သော သင်တို့အတွက် ငါ
သည် အကျဉ်းခံရ၏။ ၂ ဘုရားသခင်သည် ငါ့အား
ဤအမှုကို မိမိ၏ကျေးဇူးတော် *(ကြင်နာခြင်း)* အား
ဖြင့် ပေးတော်မူသည်ကို သင်တို့သည် အသေ
အချာ သိကြ၏။ ဘုရားသခင်သည် သင်တို့ကို ကူညီ
ရန် ငါ့အား ဤအမှုကို ပေးတော်မူ၏။ ၃ ဘုရားသ
ခင်သည် မိမိ၏လျှို့ဝှက်သော အကြံအစည်တော်
ကို ငါ့အား သိစေတော်မူ၏။ သူသည် ထိုအရာကို
ငါ့အား ထင်ရှားစေတော်မူ၏။ ငါသည် ဤအ
ကြောင်းအရာအနည်းငယ်ကို ရေးထားနှင့်ပြီးဖြစ်၏။
၄ သင်တို့သည် ငါရေးသော ဤအရာများကို ဖတ်
လျှင် ခရစ်တော်အကြောင်း လျှို့ဝှက်နက်နဲသော
တရား အမှန်ကို ငါသည်အမှန်စင်စစ် နားလည်
သည်ဖြစ်ကြောင်း သင်တို့ သိမြင်နိုင်၏။ ၅ အခြား
သောကာလ၌ ရှိသောလူတို့အား ထိုလျှို့ဝှက်နက်နဲ
သောတရားအမှန်ကို ဖော်ပြတော်မူခြင်း မရှိခဲ့။
သို့သော်လည်း ယခုတွင် ဘုရားသခင်သည် ထို
လျှို့ဝှက်နက်နဲသောတရားအမှန်ကို မိမိ၏သန့်ရှင်း
သောတမန်တော်များနှင့် ပရောဖက်များတို့အား
ဝိညာဉ်တော်အားဖြင့် ဖော်ပြထင်ရှားစေတော်မူ၏။
၆ ဤအရာသည် လျှို့ဝှက်နက်နဲသောတရားအမှန်
ဖြစ်၏။ ဂျူးလူမျိုးမဟုတ်သောအခြားသောလူမျိုး
တို့သည် ဂျူးလူမျိုးကဲ့သို့ ဘုရားသခင်သည် မိမိ၏
လူမျိုးအတွက်ထားသော အရာတို့ကို ခံရကြလိမ့်
မည်။ ဂျူးလူမျိုးမဟုတ်သော သူတို့သည် ဂျူး
လူမျိုးတို့နှင့် တူညီသော ကိုယ်ခန္ဓာအထဲ၌ အတူရှိ
ကြ၏။ ဘုရားသခင်သည် ခရစ်တော်ယေရှုအားဖြင့်
ပြုတော်မူသောကတိတော်ကို သူတို့သည် အတူ
တကွ ဝေမျှခံရကြ၏။ ဂျူးလူမျိုးမဟုတ်သောသူတို့
သည် ဝမ်းမြောက်စရာသတင်းကောင်းအားဖြင့် ဤ
အရာများတို့ကို ဆက်ဆံရကြ၏။
၇ ဘုရားသခင်၏ အထူးဆုကျေးဇူးဖြစ်သော
ကျေးဇူးတော် *(ကြင်နာခြင်း)* အားဖြင့် ငါသည် ထို
ဝမ်းမြောက်စရာသတင်းကောင်းကိုဟောပြောရသော
အစေခံကျွန်တစ်ပါးဖြစ်လာခဲ့၏။ ဘုရားသခင်သည်
မိမိ၏တန်ခိုးတော်အားဖြင့် ထိုကျေးဇူးတော်ကို ငါ့
အား ပေးတော်မူ၏။ ၈ ငါသည် ဘုရားသခင်၏လူ
အားလုံးတို့တွင် အရေးမပါဆုံးသောသူဖြစ်၏။ သို့
သော်လည်း ခရစ်တော်၌ရှိသော ကြွယ်ဝချမ်းသာ
ခြင်းတည်းဟူသော ဝမ်းမြောက်စရာသတင်းကောင်း
ကို ဂျူးလူမျိုးမဟုတ်သော လူမျိုးတို့အား ဟော
ပြောရသော ဤဆုကျေးဇူးကို ဘုရားသခင်သည်
ငါ့အား ပေးတော်မူ၏။ ထိုကြွယ်ဝချမ်းသာခြင်းများ
ကို ပြည့်စုံစွာနားလည်နိုင်ရန်မှာ အလွန်ကြီးမားပါ
သည်။ ၉ ဘုရားသခင်၏လျှို့ဝှက်နက်နဲသောတရား
အမှန်ကို လူတို့အား ဟောပြောရန် အကြံအစည်
တော်ကို ငါ့အား ပေးတော်မူ၏။ ထိုလျှို့ဝှက်နက်နဲ
သောတရားအမှန်ကိုဘုရားသခင်၌ရှေးကပ်ကာလ
ပတ်လုံး ဝှက်ထားလျက်ရှိ၏။ ဘုရားသခင်သည်
ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူသော
သူဖြစ်၏။ ၁၀ ဘုရားသခင်၏အကြံတော်မှာ ကောင်း
ကင်နေရာအရပ်၌ရှိသောအုပ်စိုးခြင်းအာဏာစက်
ရှိသမျှ၊ တန်ခိုးရှိသမျှအားလုံးကို ယခုတွင် သူ၏
ပညာတော်အားဖြင့် များစွာသောခြားနားသည့်နည်း
လမ်းတို့ဖြင့် သိစေတော်မူလိမ့်မည်။ သူတို့သည်
ဤအရာကို အသင်းတော်အားဖြင့် သိရကြလိမ့်မည်။
၁၁ ဘုရားသခင်သည် ဤသဘောတူညီခြင်းကို အ
ချိန်ကာလအစ၌ပင်ကြံစည်တော်မူပြီးဖြစ်၏။ ဘုရား
သခင်သည် ကြံစည်တော်မူသည့်အတိုင်း ပြုတော်

မူခဲ့၏။ ၁၂ သူသည် ထိုအရာကို ငါတို့ သခင်ယေရှု
ခရစ်တော်အားဖြင့် ပြုတော်မူခဲ့၏။ ငါတို့သည် ခရစ်
တော်အားဖြင့် ဘုရားသခင်ရှေ့တော်၌ လွတ်လပ်
စွာ၊ ကြောက်ရွံ့ခြင်းကင်းလျက် တိုးဝင်ချဉ်းကပ်
ရသောအခွင့်ကို ရကြ၏။ ငါတို့သည် ခရစ်တော်
ကို ယုံကြည်ခြင်းအားဖြင့် ဤအရာကို ပြုနိုင်ကြ၏။
၁၃ ထို့ကြောင့် ငါသည် သင်တို့အတွက် ခံရသော
ဒုက္ခဆင်းရဲခြင်းကြောင့် သင်တို့သည် အားလျော့
နည်းလျက် မျှော်လင့်ခြင်း ဆုံးရှုံးခြင်းသို့ မရောက်
မည်အကြောင်း ငါတောင်းပန်၏။ ငါခံရသောဒုက္ခ
ဆင်းရဲတို့သည် သင်တို့၌ ဂုဏ်ပြုချီးမွမ်းခြင်းကို
ဖြစ်စေပါမည်။

**ခရစ်တော်၏ချစ်ခြင်းမေတ္တာ**

၁၄ ထို့ကြောင့် ငါသည် ခမည်းတော်ဘုရားသခင်
ရှေ့၌ ဒူးထောက်လျက် ဆုတောင်း၏။ ၁၅ ကောင်း
ကင်နှင့် မြေကြီးပေါ်၌ ရှိသမျှသော မိသားစုတို့
သည် အသီးသီးကိုယ့်နာမည်ကို ဘုရားသခင်ထံ
တော်မှ ရကြ၏။ ၁၆ သင်တို့၏ စိတ်ဝိညာဉ်များကို
ခွန်အားနှင့်ပြည့်စေရန် သူ၏ ကြီးမားသော ဘုန်း
အသရေတော်သည် သင်တို့အား တန်ခိုးကို ပေး
တော်မူပါမည်အကြောင်း အဖခမည်းတော်ထံသို့
ငါဆုတောင်း၏။ သူသည် ထိုခွန်အားကို မိမိ၏ဝိညာဉ်
တော်အားဖြင့် သင်တို့ကို ပေးတော်မူပါလိမ့်မည်။
၁၇ သင်တို့သည် ယုံကြည်သောကြောင့် ခရစ်တော်
သည် သင်တို့၏စိတ်နှလုံးများထဲ၌ကျိန်းဝပ်တော်
မူပါမည်အကြောင်း ငါဆုတောင်း၏။ သင်တို့၏
အသက်တာသည် ချစ်ခြင်း၌ခွန်အားရှိ၍ ချစ်ခြင်း
မေတ္တာ၌ တည်ဆောက်ကြပါမည်အကြောင်း ငါ
ဆုတောင်း၏။ ၁၈ သင်တို့နှင့် ဘုရားသခင်၏ သန့်
ရှင်းသောလူအားလုံးတို့သည် ခရစ်တော်၏ချစ်ခြင်း
မေတ္တာကြီးမားမှုကို နားလည်နိုင်သောတန်ခိုးရှိကြ
ပါမည်အကြောင်း ငါဆုတောင်း၏။ ချစ်ခြင်းမေတ္တာ
သည် အဘယ်မျှလောက်ကျယ်ဝန်း၍ အဘယ်မျှ
လောက်ရှည်လျားပြီး၊ အဘယ်မျှလောက်မြင့်မားကာ၊
အဘယ်မျှလောက် နက်ရှိုင်းလျက် ရှိနေသည်အ
ကြောင်းကို သင်တို့နားလည်နိုင်ပါမည်အကြောင်း
ငါဆု တောင်း၏။ ၁၉ ခရစ်တော်၏ချစ်ခြင်းမေတ္တာ
သည် မည်သူမျှမသိနိုင်လောက်အောင်ပင်ကြီးမား
၏။ သို့သော်လည်း သင်တို့သည် ထိုချစ်ခြင်းမေတ္တာ
ကို သိရှိနိုင်ပါမည်အကြောင်း ငါဆုတောင်း၏။ ထို့
နောက် သင်တို့သည် ဘုရားသခင်၏ပြည့်စုံတော်မူ
ခြင်းရှိသမျှနှင့်အညီ ပြည့်စုံနိုင်ကြမည်ဖြစ်သည်။

၂၀ ဘုရားသခင်၏တန်ခိုးတော်ဖြင့် ငါတို့အထဲ
၌ အလုပ်လုပ်တော်မူလျှင် ဘုရားသခင်သည် များ
စွာတတ်နိုင်တော်မူမည်။ ငါတို့ တောင်းပန်နိုင်
ခြင်း သို့မဟုတ် ကြံစည်နိုင်ခြင်းရှိသမျှတို့ထက် အ
လွန်များပြားစွာတတ် နိုင်တော်မူမည်။ ၂၁ ခရစ်တော်
အားဖြင့် အသင်းတော်၏ဘုန်းကြီးတော်မူခြင်းသည်
ထာဝရကာလ တည်ရှိပါစေသော။ အာမင်

**ကိုယ်ခန္ဓာ၏ညီညွတ်ခြင်း**

၄ ငါသည် သခင်ဘုရားနှင့် စပ်ဆိုင်သောကြောင့်
အကျဉ်းခံရ၏။ ဘုရားသခင်သည် သင်တို့ကို
မိမိ၏လူများဖြစ်ရန် ရွေးကောက်တော်မူ၏။ ယခု
တွင် သင်တို့သည် ဘုရားသခင်၏လူတို့ အသက်ရှင်
သည်အတိုင်း အသက်ရှင်ကြရမည်အကြောင်း ငါ
တိုက်တွန်းနှိုးဆော်၏။ ၂ အစဉ်မပြတ်နှိမ့်ချလျက်
နူးညံ့သိမ်မွေ့ခြင်းရှိကြပါ။ စိတ်ရှည်သည်းခံခြင်းဖြင့်
အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ချစ်ခြင်း
မေတ္တာ၌လက်ခံကြပါ။ ၃ သင်တို့သည် ဝိညာဉ်တော်
အားဖြင့် အတူတကွငြိမ်သက် ခြင်းရှိရန် ဆက်ဆံရ
ကြ၏။ သင်တို့သည် ဤနည်းအားဖြင့် တတ်နိုင်သ
ရွေ့ ဆက်လက်၍ အတူတကွနေကြပါ။ ၄ ငြိမ်သက်
ခြင်းကို သင်တို့၌တည်စေကြပါ။ ကိုယ်တစ်ကိုယ်
ဝိညာဉ်တစ်ပါးတည်းရှိ၏။ ဘုရားသခင်သည် သင်
တို့ကို မျှော်လင့်ခြင်းတစ်ပါးတည်းရှိစေရန် ခေါ်
တော်မူ၏။ ၅ သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊
ဗတ္တိဇံတစ်ပါးတည်းရှိ၏။ ၆ ခပ်သိမ်းသောအဖဖြစ်
သော ဘုရားသခင်တစ်ပါးတည်းရှိတော်မူ၏။ သူ
သည် ခပ်သိမ်းသောအရာတို့ကို အုပ်စိုးတော်မူ၏။
သူသည် နေရာတိုင်း၌ရှိတော်မူ၍ ခပ်သိမ်းသော
အရာအထဲ၌လည်း ရှိတော်မူ၏။

၇ ခရစ်တော်သည် ငါတို့တစ်ယောက်စီတိုင်းကို
အထူးဆုကျေးဇူးကို ပေးတော်မူ၏။ ခရစ်တော်သည်
ထိုသူအားပေးရန် အလိုရှိသောအရာကို အယောက်
စီတိုင်းတို့သည် ခံရကြ၏။ ၈ ထိုအကြောင်းကြောင့်
ကျမ်းစာ၌ ဤသို့ဆိုထား၏။

“သူသည် မြင့်သောအရပ် မိုးကောင်းကင်သို့
တက်ကြွတော်မူ၏။
သူသည် ချုပ်နှောင်ခြင်းခံရသော သူတို့အား
သူနှင့်အတူ ခေါ်ဆောင်တော်မူ၏။
သူသည် လူတို့အား ဆုကျေးဇူးများကို
ပေးတော်မူ၏။”

ဆာလံ ၆၈း၁၈

၉ “သူသည် တက်ကြွတော်မူ၏” ဆိုရာ၌ အဘယ်
သို့ ဆိုလိုပါသနည်း။ သူသည် ပထမ၌ နိမ့်သော
မြေကြီးပေါ်သို့ ဆင်းကြွတော်မူခဲ့သည်ဟု ဆိုလို
၏။ ၁၀ ထို့ကြောင့် ယေရှုသည် ကြွဆင်းလာခဲ့၏။
သူသည် တက်ကြွတော်မူသောသူပင်ဖြစ်၏။ သူ
သည် မိုးကောင်းကင်အမြင့်ရှိသမျှတို့အထက်သို့
တက်ကြွတော်မူ၏။ ခရစ်တော်သည် သူကိုယ်တိုင်
ပြည့်စုံစေရမည့် အရာခပ်သိမ်းတို့ကို ပြုတော်မူခဲ့
၏။ ၁၁ ထိုခရစ်တော်သည်ပင် လူတို့အား ဆုကျေးဇူး
လက်ဆောင်များကို ပေးတော်မူ၏။ သူသည် အချို့
သူတို့ကို တမန်တော်များဖြစ်စေ၏။ အချို့တို့ကို
ပရောဖက်များဖြစ်စေ၏။ အချို့တို့ကို ဝမ်းမြောက်
စရာသတင်းကို ဟောပြောသောသူများဖြစ်စေ၏။
အချို့တို့ကို ဘုရားသခင်၏လူတို့ကိုကြည့်ရှုစောင့်
ရှောက်လျက် သွန်သင်ခြင်းကို ပေးစေတော်မူ၏။
၁၂ ခရစ်တော်သည် ထိုဆုကျေးဇူးလက်ဆောင်များ
ကိုဘုရားသခင်၏သန့်ရှင်းသောသူတို့အား အစေခံ
ရန် ပြင်ဆင်ရမည့်အကြောင်း ပေးတော်မူ၏။ သူ
သည် ခရစ်တော်၏ ကိုယ်ခန္ဓာ၌ ပို၍ခွန်အားနှင့်
ပြည့်စုံစေရန် ထိုဆုကျေးဇူးလက်ဆောင်များကို
ပေးတော်မူ၏။ ၁၃ ငါတို့သည် တူညီသော ယုံကြည်
ခြင်းနှင့် ဘုရားသခင်၏ သားတော်အကြောင်းကို
သိကျွမ်းခြင်းပညာ၌ တူညီခြင်းရှိကြသည်တိုင်အောင်
ဤအလုပ်ကို ဆက်လက်၍ လုပ်ဆောင်ရပါမည်။
ငါတို့သည် ရင့်ကျက်သောသူ (*စုံလင်သောသူ*) ကဲ့
သို့ ဖြစ်လာရမည်။ ငါတို့သည် ခရစ်တော်ကဲ့သို့ဖြစ်
လျက် သူ၏စုံလင်ခြင်းအားလုံးတို့ကို ပိုင်ဆိုင်လာ
ကြသည်အထိ ကြီးထွားရပါမည်။
၁၄ ထို့နောက် ငါတို့သည် သူငယ်များကဲ့သို့
ယခုတိုင် မနေကြစို့နှင့်။ ငါတို့သည် လေတိုက်ရာ
သို့ လှေကို လွှင့်သောသူများကဲ့သို့ မဖြစ်စေကြစို့
နှင့်။ ငါတို့အား လိမ်လည်လှည့်ဖြားရန် ကြိုးစား
သော သူတို့ထံမှ ငါတို့ကြားရသည့် အသစ်သော
သွန်သင်ခြင်းရှိသမျှတို့အားဖြင့် ငါတို့ကို လွှမ်းမိုး
ခြင်း (*ပြောင်းလဲစေခြင်း*) မခံစေကြစို့နှင့်။ ထိုသူတို့
သည် လူတို့အား မှားယွင်းသောလမ်းသို့ လိုက်
သွားစေရန် ပရိယာယ်မျိုးစုံဖြင့် လိမ်လည်လှည့်ဖြား
ရန် ကြိုးစားကြံစည်လျက်ရှိကြ၏။ ၁၅ ထိုသို့ မဖြစ်စေ
နှင့်။ ငါတို့သည် သမ္မာတရားကို ချစ်ခြင်းမေတ္တာ
ဖြင့် ဟောပြောကြ၏။ ငါတို့သည် ခပ်သိမ်းသောအရာ
တို့၌ ခရစ်တော်ကဲ့သို့ ကြီးထွားရမည်။ ခရစ်တော်
သည်ဦးခေါင်းဖြစ်၍ ငါတို့သည် ကိုယ်ခန္ဓာဖြစ်ကြ၏။
၁၆ ကိုယ်ခန္ဓာတစ်ခုလုံးသည် ခရစ်တော်၌ မှီခိုလျက်
ရှိ၏။ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုစီသည် အတူ
ဆက်စပ်လျက်ရှိနေကြ၏။ ကိုယ်ခန္ဓာအစိတ်အပိုင်း
တစ်ခုစီသည် ကိုယ်စီအလုပ်ရှိကြ၏။ ဤအရာသည်
ကိုယ်ခန္ဓာတစ်ခုလုံးကို ချစ်ခြင်းမေတ္တာ၌ ကြီးထွား
ခိုင်ခံ့စေ၏။

## သင်တို့အသက်ရှင်ရမည့်နည်းလမ်း

၁၇ သခင်ဘုရားအဖို့ ဤအရာကို သင်တို့အား
ငါဟောပြော၏။ သင်တို့ကို ငါသတိပေး၏။ သင်တို့
သည် မယုံကြည်သောသူများကဲ့သို့ ဆက်လက်၍
အသက်မရှင်ကြနှင့်။ ထိုသူတို့၏ အကြံအစည်များ
သည် ဘာမျှမဟုတ်။ အချည်းနှီးသက်သက်ဖြစ်၏။
၁၈ ထိုသူတို့သည် နားလည်ခြင်းမရှိ။ သူတို့သည်
နားထောင်ခြင်းကို ငြင်းဆန်နေကြသောကြောင့်
သူတို့သည် ဘာမျှမသိကြ။ ထို့ကြောင့် ဘုရားသခင်
ပေးတော်မူသောအသက်ကို သူတို့မပိုင်ဆိုင်ကြ။
၁၉ သူတို့သည် အရှက်တရားကင်းမဲ့၍ ဆိုးညစ်
သော အပြစ်ဒုစရိုက်များကို ပြုကြ၏။ သူတို့သည်
မကောင်းသောအပြစ်ဒုစရိုက်မျိုးစုံကို ပို၍ပို၍ ပြု
လိုကြ၏။ ၂၀ သို့သော်လည်း ခရစ်တော်၌ သင်တို့
နည်းခံသောအရာများတို့သည် ထိုဆိုးညစ်သော
အရာများကဲ့သို့ မဟုတ်။ ၂၁ သင်တို့သည် သူ၏
အကြောင်းကို ကြားပြီးဖြစ်ကြောင်း ငါသိ၏။ သင်တို့
သည် သူ၌ ရှိကြ၏။ ထို့ကြောင့် သင်တို့အား သမ္မာ
တရားကို သွန်သင်တော်မူ၏။ ဟုတ်ပါ၏။ သမ္မာ
တရားသည် ယေရှု၌ရှိ၏။ ၂၂ သင်တို့၏ဇာတိဟောင်း
ကို ချွတ်ပယ်ရန် သင်တို့အား သွန်သင်တော်မူ၏။
ထိုသို့ဆိုရာတွင် သင်တို့ကျင့်သည့် ဆိုးညစ်သော
အသက်တာကို စွန့်လွှတ်ရမည်ဟု ဆိုလို၏။ ထို
ဇာတိဟောင်းသည် ဆိုးညစ်သည်ထက် ဆိုးညစ်လာ
၏။ အဘယ်ကြောင့်ဆိုသော် လူတို့သည် မိမိတို့ပြု
လိုသော ဒုစရိုက်အပြစ်များအား၏လှည့်ဖြားခြင်းကို
ခံရကြ၏။ ၂၃ သို့ရာတွင် သင်တို့၏စိတ်နှလုံးများ
နှင့်အကြံအစည်များကို သင်တို့သည် အသစ်ပြုပြင်
ရမည်။ ၂၄ သင်တို့သည် ဘုရားသခင်ကဲ့သို့ စစ်မှန်
သော ကောင်းမြတ်ခြင်းနှင့် သန့်ရှင်းခြင်းရှိသော
လူသစ်ဖြစ်ကြရမည်။
၂၅ ထို့ကြောင့် သင်တို့သည် လိမ်ညာခြင်းကို
စွန့်လွှတ်ကြရပါမည်။ သင်တို့သည် အစဉ်မပြတ်
အချင်းချင်း တစ်ယောက်ကိုတစ်ယောက် သမ္မာ
တရားကို ပြောဆိုကြရပါမည်။ အဘယ်ကြောင့်ဆို
သော် ငါတို့အားလုံးသည် တူညီသောကိုယ်ခန္ဓာထဲ

ရှိကြ၏။ ၂၆ သင်တို့သည် အမျက်ထွက်သောအခါ
ထိုအမျက်ထွက်ခြင်းသည် အပြစ်မဖြစ်စေနှင့်။ တစ်
နေ့လုံး အမျက်မထွက်နှင့်။ ၂၇ မာရ်နတ်သည် သင်
တို့ကို အောင်နိုင်၍ သင်တို့အရေးနိမ့်စေရန် အခွင့်
မပေးကြနှင့်။ ၂၈ လူတစ်ယောက်သည် ခိုးတတ်သော
သူဖြစ်လျှင် သူသည် ခိုးခြင်းကို ရပ်၍ စွန့်လွှတ်ရ
ပါမည်။ ထိုသူသည် စတင်၍ အလုပ်လုပ်ရပါမည်။
သူသည် ကောင်းသောအရာတစ်စုံတစ်ခုကိုပြုလုပ်
ရန် သူ၏လက်များကို အသုံးပြုရပါမည်။ ထို့နောက်
သူသည် ဆင်းရဲသောသူတို့အား တစ်စုံတစ်ရာပေး
ကမ်းခြင်းကို ပြုရပါမည်။

၂၉ သင်တို့သည် စကားပြောသောအခါ ညစ်
ညူး၍ ဆိုးသော မည်သည့်စကားကိုမျှ မပြောဆို
ကြနှင့်။ သို့သော် အခြားသောသူတို့အား ပို၍ခွန်အား
နှင့် ပြည့်စုံစေရန် ကူညီ၍ အကျိုးဖြစ်စေသော လူတို့
လိုအပ်သည့်အရာများကို ပြောဆိုပါ။ ထို့နောက်
သင်ပြောသောအရာက သင့်အား နားထောင်သော
သူတို့ကို ကူညီမစပါလိမ့်မည်။ ၃၀ သန့်ရှင်းသော
ဝိညာဉ်တော်ကို ဝမ်းမနည်းစေနှင့်။ သင်တို့သည်
ဘုရားသခင်နှင့်စပ်ဆိုင်တော်မူကြောင်းကို ဝိညာဉ်
တော်သည် ဘုရားသခင်၏သက်သေဖြစ်၏။ အချိန်
ကာလရောက်သောအခါ ဘုရားသခင်သည် သင့်
ကို လွှတ်မြောက်စေပါမည်အကြောင်း ထိုဝိညာဉ်
တော်ကို သင့်အားပေးတော်မူ၏။ ၃၁ ခါးသီးခြင်း
သို့မဟုတ် စိတ်ဆိုးခြင်း သို့မဟုတ် အမျက်ဒေါသ
ထွက်ခြင်းကို အလျှင်းမပြုရ။ အခြားသောသူတို့အား
ဒေါသကြီးစွာ အော်ဟစ်ခြင်းမပြုရ။ သို့မဟုတ် စိတ်
ထိခိုက်စေ၍ အကျိုးယုတ်စေသောအရာများကို အ
လျှင်း မပြောဆိုရ။ ဆိုးယုတ်သောမည်သည့်အရာ
ကိုမျှ အလျှင်းမပြုရ။ ၃၂ အချင်းချင်း တစ်ယောက်
ကိုတစ်ယောက် ကြင်နာခြင်း၊ ချစ်ခြင်းမေတ္တာရှိကြ
ပါ။ ဘုရားသခင်သည် သင်တို့ကို ခရစ်တော်၌ ခွင့်
လွှတ်တော်မူသကဲ့သို့ အချင်းချင်း တစ်ယောက်ကို
တစ်ယောက် ခွင့်လွှတ်ခြင်းရှိကြပါ။

၅ သင်တို့သည် ဘုရားသခင်ချစ်သောသားသမီး
များဖြစ်ကြ၏၊ ထို့ကြောင့် ဘုရားသခင်နှင့်တူရန်
ကြိုးစားကြပါ။ ၂ ချစ်ခြင်းမေတ္တာအသက်တာ၌ အ
သက်ရှင်ကြပါ။ ခရစ်တော်သည် ငါတို့ကို ချစ်တော်
မူသည်နည်းတူ အခြားသူတို့ကိုလည်း ချစ်ကြပါ။
ခရစ်တော်သည် ငါတို့အတွက် ကိုယ်ကိုယ်ကို ပေး
လှူတော်မူ၏။ သူသည် မွှေးကြိုင်သောအနံ့ကို ပေး
လှူ၍ ဘုရားသခင်ကို ယဇ်ပူဇော်လေ၏။

၃ သို့ရာတွင် သင်တို့အထဲတွင် လိင်နှင့်ပတ်
သက်သောအပြစ် လုံးဝမရှိစေရ။ မည်သည့် ဒုစရိုက်
မျိုးကိုမဆို သို့မဟုတ် ကိုယ်ကာယအားဖြင့် တပ်
မက်သောအပြစ် အလျှင်းမရှိစေရ။ အဘယ်ကြောင့်
ဆိုသော် ထိုအရာတို့သည် ဘုရားသခင်၏ သန့်ရှင်း
သောသူတို့အတွက် သင့်လျော်လျောက်ပတ်ခြင်း
အလျှင်းမရှိ။ ၄ သင်တို့အထဲတွင် မတော်လျော်၊
ညစ်ညူးစွာပြောဆို ဆက်ဆံခြင်း အလျှင်းမပြုရ။
သင်တို့သည် မိုက်မိုက်ကန်းကန်းပြောဆိုခြင်း သို့
မဟုတ် ဆိုးညစ်စွာ ပြက်ရယ်ပြုခြင်း၊ လှောင်ပြောင်
ခြင်းကိုလည်း အလျှင်းမပြုရ။ ဤအရာများတို့သည်
သင်တို့အတွက် မတော်လျော်သောအရာဖြစ်၏။
သို့သော်လည်း သင်တို့သည် ဘုရားသခင်၏ ကျေးဇူး
တော်ကို ချီးမွမ်းခြင်းစကားကိုသာ ပြောဆိုကြရမည်။
၅ သင်တို့သည် ဤအရာတို့၌ သေချာနိုင်ကြရမည်။
လူတစ်ယောက်သည် လိင်နှင့်သက်ဆိုင်သော ဒုစ
ရိုက်အပြစ်များကို လွန်ကျူးခြင်း သို့မဟုတ် မိမိအ
တွက်ကိုသာ အစဉ်လိုလားသောသူဖြစ်လျှင် ထိုသို့
သောသူ မည်သူတစ်ဦးတစ်ယောက်မျှ ခရစ်တော်
၏နိုင်ငံတော်နှင့် ဘုရားသခင်၏နိုင်ငံတော်၌ နေရာ
အလျှင်းမရ။ မိမိအတွက်ကိုသာ အစဉ်လိုလားသော
သူတစ်ယောက်သည် ဖောက်ပြန်ပျက်စီးတတ်သည့်
မှားယွင်းသောဘုရားကို ကိုးကွယ်၍ အစေခံခြင်း
ဖြစ်၏။

၆ မမှန်ကန်သောစကားများကို ပြောဆိုခြင်းအား
ဖြင့် သင်တို့သည် အဘယ်သူ၏ လိမ်လည်လှည့်
ဖြားခြင်းကိုမျှ မခံကြနှင့်။ ထိုဆိုးညစ်သောအရာတို့
သည် နားမထောင်သောသူတို့အပေါ်၌ ဘုရားသခင်
၏အမျက်တော်ကို ဖြစ်ပေါ်စေ၏။ ၇ ထို့ကြောင့် ထို
အရာများကို သင်တို့နှင့်အတူ မပြုကြနှင့်။ ၈ လွန်ခဲ့
သောအချိန်က သင်တို့သည် မှောင်မိုက် *(အပြစ်
တရား)* နှင့် ပြည့်ဝလျက်ရှိခဲ့ကြ၏။ သို့သော်လည်း
ယခုတွင် သင်တို့သည် သခင်ဘုရား၏ အလင်း
*(ကောင်းမြတ်ခြင်း)* နှင့် ပြည့်ဝလျက်ရှိကြပြီ။ ထို့
ကြောင့် အလင်းနှင့်စပ်ဆိုင်သော သားသမီးများ
ကဲ့သို့ အသက်ရှင်ကြပါ။ ၉ အလင်းသည် ကောင်းမြတ်
စုံလင်ခြင်းရှိသမျှ၊ ဖြောင့်မတ်စွာအသက်ရှင်ခြင်း
နှင့် သမ္မာတရားကို ယူဆောင်လာ၏။ ၁၀ အဘယ်
အရာသည် သခင်ဘုရားနှစ်သက်တော်မူသည်ကို
ကြိုးစား၍သင်ယူကြပါ။ ၁၁ မှောင်မိုက်၌ရှိသောသူ
တို့ပြုသောအရာများတို့ကို မပြုကြနှင့်။ ထိုအရာများ
တို့ကိုပြုခြင်းအားဖြင့် ကောင်းသောအရာတစ်စုံတစ်ခု

မျှ ယူဆောင်မလာပါ။ သို့သော်လည်း မှောင်မိုက်
ထဲ၌ရှိသော ထိုအရာများသည် မှားယွင်းကြောင်း
ကို ထင်ရှားစေရန် ကောင်းသောအရာများတို့ကို
ပြုကြပါ။ ၁၂ မှောင်မိုက်ထဲ၌ ရှိသောသူတို့ လျှို့ဝှက်
စွာပြုသောအရာများကို ပြောဆိုခြင်းသည်ပင်လျှင်
အမှန်စင်စစ် အလွန်ရှက်ဖွယ်၊ ရွံရှာဖွယ်သောအရာ
များဖြစ်၏။ ၁၃ သို့သော်လည်း ထိုအရာများ မှားယွင်း
ကြောင်းကို အလင်းအားဖြင့် ထင်ရှားစေနိုင်၏။
၁၄ မှားယွင်းသောအရာကို ထင်ရှားစေသောအရာ
သည် အလင်းဖြစ်၏။ ၁၄ ထို့ကြောင့်

အိပ်ပျော်သောသူတို့ နိုးကြ
သေခြင်းမှ ထမြောက်ကြ၊
ခရစ်တော်သည် သင်တို့ပေါ်၌
ထွန်းလင်းတော်မူလိမ့်မည်

ဟု ငါတို့ပြောဆိုကြ၏။
၁၅ ထို့ကြောင့် သင်တို့သည် အဘယ်သို့အသက်
ရှင်ရမည်အကြောင်းကို အထူးသတိပြုကြပါ။ ပညာ
မဲ့သောသူတို့ကဲ့သို့ အသက်မရှင်ကြနှင့်။ သို့သော်
လည်း ပညာသတိရှိစွာ အသက်ရှင်ကြပါ။ ၁၆ သင်
တို့သည် ကောင်းသောအမှုကိုပြုရန်အတွက် အခွင့်
အရေးရှိသမျှတို့ကို အသုံးချကြရမည်အကြောင်း ငါ
ဆိုလို၏။ အဘယ်ကြောင့်ဆိုသော် ဤ အချိန်ကာလ
သည် ဆိုးယုတ်သောကာလဖြစ်၏။ ၁၇ ထို့ကြောင့်
သင်တို့၏ အသက်တာများအားဖြင့် မိုက်မဲခြင်းသို့
မရောက်ကြနှင့်။ သို့သော်လည်း သခင်ဘုရားသည်
သင်တို့ကို အဘယ်အရာကို ပြုကြရန် အလိုရှိတော်
မူသည်ကို သင်ယူကြပါ။ ၁၈ စပျစ်ရည် သောက်ကျူး
ခြင်းကို မပြုကြနှင့်။ ထိုအရာတို့သည် သင်တို့၏
ဝိညာဉ်ပိုင်းဆိုင်ရာ၌ ပျက်စီးယိုယွင်းစေလိမ့်မည်။
သို့သော်လည်း ဝိညာဉ်တော်နှင့် ပြည့်ဝကြပါ။ ၁၉ အ
ချင်းချင်း တစ်ယောက်ကို တစ်ယောက် ဆာလံ
သီချင်း၊ ဓမ္မသီချင်းနှင့် ဝိညာဉ်ပိုင်းဆိုင်ရာသီချင်း
များအားဖြင့် အဆက်အသွယ်ပြုကြပါ။ သင်တို့ စိတ်
နှလုံးများဖြင့် ချီးမွမ်းသီဆိုခြင်းနှင့် တေးဂီတများ
အားဖြင့် သခင်ဘုရားအား ချီးမွမ်းကြပါ။ ၂၀ အရာ
ရာတိုင်းအတွက် အစဉ်မပြတ်ခမည်းတော်ဘုရား
သခင်၏ကျေးဇူးတော်ကို ချီးမွမ်းကြပါ။ ငါတို့ သခင်
ယေရှုခရစ်တော်၏နာမတော်အားဖြင့် သူ၏ကျေးဇူး
တော်ကို ချီးမွမ်းကြပါ။

**ဇနီးသည်များနှင့် ခင်ပွန်းယောကျ်ားများ**

၂၁ အချင်းချင်းတစ်ယောက်ကို တစ်ယောက်
နာခံချင်စိတ်ရှိကြပါ။ သင်တို့သည် ခရစ်တော်ကို
ကြည်ညိုလေးစားသောအားဖြင့် ဤအရာများကို ပြု
ကြပါ။
၂၂ ဇနီးများတို့၊ သင်တို့သည် သခင်ဘုရားကို
နာခံကြရသည်နည်းတူ သင်တို့၏ ခင်ပွန်းများ၏
အုပ်စိုးခြင်းအာဏာအောက် (*နာခံခြင်း*) ၌ ရှိနေကြ
ပါ။ ၂၃ ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်
သကဲ့သို့ ခင်ပွန်းယောကျ်ားများသည်လည်း ဇနီး၏
ဦးခေါင်းဖြစ်၏။ အသင်းတော်သည် ခရစ်တော်၏
ကိုယ်ဖြစ်၏။ ခရစ်တော်သည် ကယ်တင်ရှင်၏ ကိုယ်
ဖြစ်တော်မူ၏။ ၂၄ အသင်းတော်သည် ခရစ်တော်၏
အုပ်စိုးခြင်းတန်ခိုးအောက်၌ရှိ၏။ ထို့ကြောင့် သင်
တို့ မယားတို့သည်လည်း ထိုနည်းတူဖြစ်ကြ၏။ သင်
တို့သည် ခပ်သိမ်းသောအရာတို့၌သင်တို့၏ခင်ပွန်း
ယောကျ်ားများ၏ အုပ်စိုးမှုအောက်၌ ရှိနေကြရမည်။
၂၅ ခင်ပွန်းယောကျ်ားတို့၊ ခရစ်တော်သည် အ
သင်းတော်ကို ချစ်တော်မူသည်နည်းတူ သင်တို့၏
ဇနီးမယားတို့ကို ချစ်ကြပါ။ ခရစ်တော်သည် အသင်း
တော်အတွက် အသေခံတော်မူ၏။ ၂၆ သူသည် အသင်း
တော်ကို သန့်ရှင်းစေရန် အသေခံတော်မူ၏။ ခရစ်
တော်သည် အသင်းတော်ကို ရေနှင့်ဆေးကြောခြင်း
အားဖြင့် သန့်ရှင်းဖြူစင်စေရန် ဝမ်းမြောက်ဖွယ်ရာ
သတင်းကောင်းဟောပြောခြင်းကို အသုံးပြုတော်မူ
၏။ ၂၇ ခရစ်တော်သည် အသေခံတော်မူ၏။ ထို့ကြောင့်
သူသည် အသင်းတော်အားဘုန်းအသရေ (*လှပခြင်း*)
နှင့် ပြည့်စုံသောသတို့သမီးကဲ့သို့ ကိုယ်ကိုယ်ကို
ပေးလှူနိုင်ကြ၏။ သူသည် အသေခံတော်မူ၏။ ထို့
ကြောင့် အသင်းတော်သည် ဖြူစင်နိုင်၏။ အမှားအ
ယွင်းမရှိ။ ဆိုးညစ်သောအရာ အလျှင်းမရှိ။ အပြစ်
တရားအလျှင်းမရှိ။ အသင်းတော်ထဲ၌ အခြားမည်
သည့်မှားယွင်းသောအရာ အလျှင်းမရှိ။ ၂၈ ခင်ပွန်း
ယောကျ်ားတို့သည်လည်း ထိုနည်းတူ သူတို့၏ဇနီး
မယားများကိုလည်း ချစ်ရကြမည်။ သူတို့သည်
မိမိတို့၏ကိုယ်အင်္ဂါများကို ချစ်ကြသည်နည်းတူ
သူတို့၏ဇနီးမယားများကိုလည်း ချစ်ရကြမည်။ မိမိ
မယားကို ချစ်သောလင်ယောကျ်ားသည် ကိုယ်ကိုယ်
ကို ချစ်သောသူဖြစ်၏။ ၂၉ အဘယ်ကြောင့်ဆိုသော်
မည်သူတစ်ဦးတစ်ယောက်မျှ မိမိကိုယ်အင်္ဂါများ
ကို မုန်းခြင်းမရှိ။ ခပ်သိမ်းသောသူတို့သည် မိမိတို့
ကိုယ်အင်္ဂါများကို ကျွေးမွေး၍ ဂရုတစိုက် ကြည့်ရှု
စောင့်ရှောက်ရ၏။ ထိုအရာမှာ ခရစ်တော်သည်
အသင်းတော်အတွက် ပြုတော်မူသောအရာဖြစ်၏။
၃၀ အဘယ်ကြောင့်ဆိုသော် ငါတို့သည် ခရစ်တော်

၏ ကိုယ်အင်္ဂါများဖြစ်ကြ၏။ ၃၁ ကျမ်းစာ၌ဆိုထား
သည်မှာ “ထို့ကြောင့် ခင်ပွန်းယောကျ်ားသည် သူ၏
မိဘတို့ကိုစွန့်၍ သူ၏ဇနီးမယားနှင့် ဆက်ဆံရမည်။
ထိုသူနှစ်ဦးတို့သည် တစ်ကိုယ်တည်း ဖြစ်လာကြ
လိမ့်မည်”။ ၃၂ ထိုလျှို့ဝှက်သောတရားအမှန်သည်
အလွန်အရေးကြီး၏။ ငါသည် ခရစ်တော်နှင့်အသင်း
တော်အကြောင်းကို ဟောပြောခြင်းဖြစ်၏။ ၃၃ သို့ရာ
တွင် သင်တို့တွင် တစ်ယောက်စီတိုင်းတို့သည်
ကိုယ်ကိုယ်ကို ချစ်သည်နည်းတူ ဇနီးမယားများ
ကိုလည်း ချစ်ရမည်။ ဇနီးမယားကလည်း ခင်ပွန်း
ယောကျ်ားကို လေးစားရမည်။

## သားသမီးများနှင့် မိဘ

၆ သားသမီးတို့ သခင်ဘုရားအလိုရှိတော်မူသည့်
အတိုင်း သင်တို့၏ မိဘစကားကို နားထောင်
ကြပါ။ မိဘစကားကို နားထောင်ခြင်းသည် မှန်
သောအမှုဖြစ်၏။ ၂ ပညတ်တော်မူသည်မှာ “သင်
တို့သည် သင်တို့၏ ဖခင်နှင့်မိခင်တို့ကို ရိုသေ
*(ကြည်ညိုလေးစား)*ကြပါ။ ထိုအရာမှာ ကတိတော်
နှင့်ဆိုင်သော ပထမပညတ်ဖြစ်၏။ ၃ ထိုကတိတော်
မှာ “ထို့နောက် သင်တို့၌ ခပ်သိမ်းသောအရာတို့
သည်ကောင်းမွန်ပါလိမ့်မည်။ သင်တို့သည် မြေကြီး
ပေါ်၌ အသက်တာရှည်ကြလိမ့်မည်”။
၄ ဖခင်တို့၊ သားသမီးများကို စိတ်ဆိုးစေရန်
မပြုကြနှင့်။ သို့သော်လည်း သင်တို့၏သားသမီးများ
ကို သခင်ဘုရား၌ လေ့ကျင့်ခြင်းနှင့် သွန်သင်ခြင်း
အားဖြင့် မြှင့်တင်ကြပါ။

## အစေခံကျွန်များနှင့်သခင်များ

၅ အစေခံကျွန်တို့ ဤမြေကြီးပေါ်၌ သင်တို့၏
သခင်တို့ကို နာခံကြပါ။ ကြောက်ရွံ့ခြင်း၊ ရိုသေ
လေးစားခြင်းတို့ဖြင့် နာခံကြပါ။ သင်တို့သည် ခရစ်
တော်ကို နာခံသည်နည်းတူ သင်တို့၏ စိတ်နှလုံး
သားတို့၌ ထိုအရာများကို ပြုကြပါ။ ၆ သူတို့သည်
သင်တို့ကို ကြည့်ရှုနေစဉ် သင်တို့သခင်များ ကျေ
နပ်နှစ်သက်သည်ထက် ပို၍နာခံခြင်းရှိကြရမည်။
သင်တို့သည် ခရစ်တော်ကို နာခံသကဲ့သို့ သူတို့
ကိုလည်း နာခံကြရမည်။ ဘုရားသခင်သည် အ
ဘယ်အရာအလိုရှိတော်မူသည်ကို သင်တို့ စိတ်
နှလုံးအကြွင်းမဲ့ဖြင့် ပြုရပါမည်။ ၇ သင်တို့၏အလုပ်
ကိုဆောင်ရွက်ပါ။ ထိုအရာကို လုပ်ဆောင်ရာတွင်
ဝမ်းမြောက်ပျော်ရွှင်ခြင်းရှိကြပါ။ သင်တို့သည် လူ
ကိုသာအစေခံသကဲ့သို့ မဟုတ်။ သခင်ဘုရားကို
အစေခံခြင်းကဲ့သို့ပြုကြပါ။ ၈ ကောင်းသောအရာကို
ပြုသောသူရှိသမျှတို့အား သခင်ဘုရားသည် ဆု
လာဘ်ပေးတော်မူမည်အကြောင်းကို အောက်မေ့
ကြပါ။ အစေခံကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ခပ်
သိမ်းသောသူတို့သည် မိမိတို့လုပ်ဆောင်သည့်
ကောင်းသောအရာများအတွက် ဆုလာဘ်ကို ရရှိ
ကြလိမ့်မည်။ ၉ သခင်တို့၊ ထိုနည်းတူ သင်တို့၏
အစေကိုခံသော ကျွန်များတွင် ကောင်းမွန်စွာပြု
ကြပါ။ သူတို့ကို ခြောက်လှန့်သောအရာများကို မ
ပြောကြနှင့်။ သင်တို့၏သခင်ဖြစ်တော်မူ၍ သူတို့
၏ သခင်လည်းဖြစ်တော်မူသော သူသည် ကောင်း
ကင်ဘုံ၌ ရှိတော်မူသည်ကို သင်တို့သိကြ၏။ ထို
သခင်*(ဘုရားသခင်)*သည် ခပ်သိမ်းသောလူတို့
အား တူညီမျှတစွာ တရားစီရင်တော်မူ၏။

## ဘုရားသခင်၏လက်နက်စုံ

၁၀ ငါ၏စာကို အဆုံးသတ်ရန် သင်တို့အား ငါ
ပြောဆိုသည်မှာ သခင်ဘုရား၌လည်းကောင်း၊ သူ၏
ကြီးမားသောတန်ခိုး၌လည်းကောင်း အားယူ၍ ခိုင်
ခံ့ခြင်းရှိကြပါ။ ၁၁ ဘုရားသခင်၏လက်နက်စုံ *(ကွယ်
ကာခြင်း)* ကိုဝတ်ဆင်ထားကြပါ။ သို့မှသာ သင်တို့
သည် မာရ်နတ်၏ဆိုးညစ်သော ပရိယာယ်တို့ကို
ဆီးတားတိုက်ခိုက်နိုင်ကြမည်ဖြစ်၏။ ၁၂ ငါတို့သည်
မြေကြီးပေါ်၌ရှိသော လူသားတို့အား ဆန့်ကျင်
တိုက်လှန်ကြရခြင်းမဟုတ်။ ငါတို့သည် အစိုးရသော
သူများ၊ အာဏာစက်များနှင့် ဤလောကီမှောင်
မိုက်တန်ခိုးများနှင့် တိုက်ရကြ၏။ ငါတို့သည် မိုး
ကောင်းကင်၌ရှိနေသော ဝိညာဉ်ဆိုး၊ နတ်ဆိုးတို့
၏ တန်ခိုးများနှင့် ဆန့်ကျင်၍ တိုက်လှန်ကြ၏။
၁၃ ထိုအကြောင်းကြောင့် သင်တို့သည် ဘုရားသခင်
၏လက်နက်စုံကို လိုအပ်လျက်ရှိကြ၏။ ထို့နောက်
သင်တို့သည် ဆိုးသောနေ့ရက်များ၌ ခိုင်ခံ့စွာ ရပ်
တည်ရန် တတ်နိုင်ကြပါလိမ့်မည်။ သင်တို့သည်
တိုက်လှန်ခြင်းတစ်ခုလုံးကိုပြီးစီးသောအခါ မားမား
မတ်မတ်ရပ်လျက်ရှိကြပါလိမ့်မည်။ ၁၄ ထို့ကြောင့်
သင်တို့၏ခါး၌ သစ္စာခါးပတ်ကို တင်းကျပ်စွာပတ်
လျက် ခိုင်ခံ့စွာ ရပ်ကြပါ။ သင်တို့၏ ရင်အုပ်၌
ဖြောင့်မတ်တည်းဟူသော အသက်ရှင်ရန် အကာ
အကွယ်ပေးခြင်းတန်ဆာကိုဝတ်ဆင်ကြပါ။ ၁၅ သင်
တို့၏ခြေ၌လည်း ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာ
သတင်းကောင်းသည် သင်တို့ကို ကူညီ၍ ခိုင်ခံ့စွာ
ရပ်နေနိုင်ရန် ဝတ်ဆင်ကြပါ။ ၁၆ ယုံကြည်ခြင်း၏
လွှားကို အသုံးပြုကြပါ။ ထိုအရာအားဖြင့် သင်သည်

မာရ်နတ်ပစ်ခတ်သော မီးစက်မြှားလက်နက်ကို
ကာသတ်နိုင်မည်ဖြစ်၏။ ၁၇ ဘုရားသခင်၏ ကယ်တင်
ခြင်းကိုလည်း သင်တို့၏ သံခမောက်လုံးအဖြစ်
လက်ခံကြပါ။ ဝိညာဉ် တော်၏ ဓားကိုလည်း ယူကြ။
ထိုဓားသည် ဘုရားသခင်၏ သွန်သင်ခြင်းတရား
နှုတ်ကပတ်တော်ဖြစ်၏။ ၁၈ အချိန်တိုင်း၌ ဝိညာဉ်
တော်အားဖြင့် ဆုတောင်းကြပါ။ အမျိုးမျိုးသော
ဆုတောင်းခြင်းရှိသမျှအားလုံးတို့ဖြင့် ဆုတောင်းကြ
ပါ။ သင်တို့ အလိုရှိသမျှသော အရာခပ်သိမ်းတို့အ
တွက် ဆုတောင်းကြပါ။ ဤအရာကိုပြုခြင်းဖြင့် သင်
တို့သည် အစဉ်မပြတ်အသင့်ဖြစ်ကြရမည်။ ဘယ်
သောအခါမျှ အလျှော့မပေးကြနှင့်။ ဘုရားသခင်၏
လူအားလုံးတို့အတွက် အစဉ်အမြဲဆုတောင်းကြပါ။
၁၉ ငါ့အတွက်လည်း ဆုတောင်းကြပါ။ ငါသည်
ဟောပြောသောအခါ ဆုတောင်းပေးကြပါ။ ငါသည်
ကြောက်ရွံ့ခြင်းကင်းလျက် လျှို့ဝှက်နက်နဲသော
တရားအမှန်ဖြစ်သော ဧဝံဂေလိတရားကို ဟောပြော
နိုင်မည်အကြောင်း ဘုရားသခင်သည် စကားလုံး
များကို ငါ့အား ပေးတော်မူလိမ့်မည်ဖြစ်၏။ ၂၀ ငါ၌
ဧဝံဂေလိတရားကို ဟောပြောရသောအမှုရှိ၏။ ယခု
တွင် ငါသည် ထိုအမှုကိုပြု၍ ဤနေရာ၌ ချုပ်နှောင်
ခြင်းကို ခံရ၏။ ငါသည် ဧဝံဂေလိတရားကို ဟော
ပြောသောအခါ ကြောက်ရွံ့ခြင်းကင်းလျက် ရဲရင့်စွာ
ဟောပြောနိုင်မည်အကြောင်း ဆုတောင်းပေးကြပါ။

**နောက်ဆုံးနှုတ်ဆက်ခြင်း**

၂၁ ငါတို့ချစ်သော ငါတို့ညီတုခိတ်ကို သင်တို့
ဆီသို့ ငါစေလွှတ်၏။ သူသည် သခင်ဘုရား၏ အမှု
တော်၌သစ္စာရှိသော အစေခံတစ်ဦးဖြစ်၏။ သူသည်
ငါ၌ဖြစ်ပျက်သမျှသောအရာခပ်သိမ်းတို့ကို သင်
တို့အား ပြောပြပါလိမ့်မည်။ ထို့နောက် ငါသည်
အဘယ်သို့သောသူဖြစ်သည်ကိုလည်းကောင်း၊ ငါ
သည် အဘယ်အရာကိုပြုနေသည်ကိုလည်းကောင်း
သင်တို့သိကြလိမ့်မည်။ ၂၂ ထိုအကြောင်းကြောင့်
ငါသည် သူ့ကို စေလွှတ်ရ၏။ ငါသည် အဘယ်သို့
သောသူဖြစ်သည်ကို သင်တို့သိစေရန် ငါအလိုရှိ
၏။ သင်တို့ကို ခွန်အားပေး၍ သက်သာစေရန် ငါ
သည် သူ့ကိုစေလွှတ်၏။
၂၃ ခမည်းတော်ဘုရားနှင့် သခင်ယေရှုခရစ်
တော်ထံမှ ငြိမ်သက်ခြင်းနှင့် ယုံကြည်ခြင်းအားဖြင့်
ချစ်ခြင်းမေတ္တာသည် သင်တို့၌ရှိပါစေသော။ ၂၄ ငါ
တို့ သခင်ယေရှုခရစ်တော်ကို ချစ်သောသင်တို့
အားလုံးအပေါ်၌ ဘုရားသခင်၏ ကျေးဇူးတော်
*(ကြင်နာခြင်း)* ရှိပါစေသော။ ထိုမေတ္တာသည် ဘယ်
သောအခါမှ ကုန်ဆုံးခြင်းမရှိ။

ဧဖက်သြဝါဒစာပြီး၏။